# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နေပြည်တော်စည်ပင်သာယာရေးကော်မတီ
# မြို့တော်ဝန်ရုံး
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဆေးဘက် ကျွမ်းကျင်-(၂)(ဆေးဝါး) လစာနှုန်း(၂၁၆၀၀၀၀- ၂၀၀၀ -၂၂၆၀၀၀၀) ရာထူး(၁) နေရာလစ်လပ်လျှက်ရှိပါ သဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၁၁-၂၀၁၈ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm)ရရှိပြီးသူဖြစ်ရမည်။
(စ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါကအနည်းဆုံး (၅)နှစ်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုး ပေးပို့ရမည်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊အောင်မြင့်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊
(စ) အလုပ်သမားမှတ်ပုံတင်အမှတ်၊နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊တယ်လီဖုန်းနံပါတ်၊
(ဇ) အမြဲတမ်းလိပ်စာအပြည့်အစုံ၊
(ဈ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ( ၁လက်မ x ၁.၅ လက်မ) ၃ပုံ၊(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ်ရေးသားရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)

(ဃ) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ ၁၇-၉-၂၀၁၈ ရက် နောက်ပိုင်း ရရှိ သည့်အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက် (မူရင်း)

(င) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊

(စ) သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့စခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် မူရင်း၊

(ဆ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်မူရင်း၊

၄။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံရေးရာဌာန၊ နေပြည်တော် စည်ပင် သာယာရေးကော်မတီသို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍ လည်းကောင်း ၃၁-၁၀-၂၀၁၈ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း) ရယူပြီး၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီသို့ ၃၁-၁၀-၂၀၁၈ ရက်နောက်ဆုံးထား၍ အရောက် ပေးပို့ရန်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ် ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲအား ၂၆-၁၁-၂၀၁၈ ရက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ဖြေဆိုရမည်ပြီး၊ ဖြေဆိုရမည့်ဘာသာရပ်များမှာ **သက်ဆိုင်ရာဘာသာရပ်နှင့်အထွေထွေဗဟုသုတ** တို့ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးသို့ လူကိုယ်တိုင်ဖြစ်စေ ၊တယ်လီဖုန်းအမှတ် ၀၆၇-၅၅၀၁၅၁၊၀၆၇-၅၅၀၁၅၂၊ ၀၆၇-၅၅၀၁၅၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။